# နွေဦးအသံ
# the voice of spring

19.4.2021 · Monday · No . 14 · Daily News Pamphlet

## ကျူးလွန်ထားသည့် ရာဇဝတ်မှုများကြောင့် မင်းအောင်လှိုင်ကို မြန်မာနိုင်ငံအပြင်ရောက်သည်နှင့်လက်ထိပ်ခတ်၍ ဖမ်းဆီးရန် ကမ္ဘာလုံးဆိုင်ရာ R2P ညွှန်ကြားရေးမှူးက တိုက်တွန်း

သတင်းတို

ရင်းမြစ် – **Twitter** မှ

## စစ်အာဏာသိမ်းမှုကို သဘောမကျသည့် ထိပ်တန်းဗိုလ်ချုပ်ကြီးများ ရှိနေပြီး ၎င်းတို့ကို CDM ပြုလုပ်၍ NUG အစိုးရနှင့် ပြည်သူဘက် ပူးပေါင်းပါဝင်ရန် ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးက ဖိတ်ခေါ်

သတင်းတို

ရင်းမြစ် – **CRPH** မှ

## အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ခံကြောင်း NLD ဗဟိုကြေညာချက်ထုတ်ပြန်

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## ကျောက်မဲမြို့ရှိ CDM ပါဝင်သည့် EPCဝန်ထမ်းတစ်ဦးကို စစ်အုပ်စုမှ ပစ်သတ်ခဲ့

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## ထိုင်းရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့်ACC အဖွဲ့တို့ စုပေါင်း၍ KNU-KNLA တပ်မတော်ကို ထိုင်းဘတ်ငွေ တစ်သန်းလှူဒါန်းခဲ့ကြ

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

## NUG အစိုးရသစ်ကို ကြိုဆိုထောက်ခံကြောင်း ပုံစံမျိုးစုံဖြင့် ဆန္ဒဖော်ထုတ်နေကြ










ဧပြီ ၁၈ ရက်၊ မြင်းခြံမြို့၊ မန္တလေးမြို့တို့၌ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ကို ကြိုဆိုထောက်ခံကြောင်း ချီတက်ဆန္ဒဖော်ထုတ်နေကြသည်ကိုတွေ့ရစဉ် -(ဓါတ်ပုံ – CJ )

## CRPH ၏ လုပ်ဆောင်ချက်နှင့် CDM လှုပ်ရှားမှုကို ထောက်ခံကြောင်း KNLA တပ်မဟာ(၅)ထုတ်ပြန်

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာကို လေကြောင်းမှ တိုက်ခိုက်နိုင်ကြောင်း မြို့လူထုကို KIA သတိပေး

သတင်းတို

ရင်းမြစ် – မှ

## ဘဏ်ဝန်ထမ်းများကို ဧပြီလအတွင်း လုပ်ငန်းခွင် ပြန်မဝင်လျှင် အလုပ်ထုတ်မည်ဟု ဖိအားပေးနေ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ကမ္ဘောဇဘဏ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ထိခိုက်မှုမသိရသေး

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၁၈) ရက်၊ ၂၀၂၁




- လွန်ခဲ့သည့် (၅)နှစ်တာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တွေ့ဆုံခင်မင်ခဲ့သော တပ်မတော်မှ ထိပ်တန်းစစ်ဗိုလ်ချုပ်များမှာ စစ်အာဏာသိမ်းသည့် လုပ်ရပ်အပေါ် မနှစ်မြို့ကြသူများဖြစ်ကြောင်း၊ ထိုဗိုလ်ချုပ်ကြီးများအနေဖြင့် ပြည်သူ့အစိုးရNUGနှင့် အမြန်ဆုံးပူးပေါင်း ဆောင်ရွက်သင့်ကြောင်း ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီး ဒေါက်တာလျန်မှုန်းဆာခေါင်းက ပြောသည်။
- ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရံပုံငွေ (EDCF) မှ တဆင့် မြန်မာနိုင်ငံရှိ အခြေခံအဆောက်အဦးစီမံကိန်းများအား ကူညီလျက်ရှိသည့် ငွေကြေးထောက်ပံ့မှုများကို ကိုရီးယားနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ယာယီ ဆိုင်းငံ့လိုက်ကြောင်းသိရ။
- ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ် ၁၈ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ နံနက် ၂ နာရီခွဲခန့်က မီးလောင်ကျွမ်းခဲ့ပြီး ပတ်ဝန်းကျင်အိမ်များသို့ ကူးစက်မှု မရှိကြောင်း၊ ရပ်ကွက်ရုံးတရုံးလုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရ။
- အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ထောက်ခံကြောင်း Rvwang Development Association - RDA, Kachin Alliance - KA နှင့် Lisu National Organization - LNO တို့မှ ပူးပေါင်းကြေညာချက်ထုတ်ပြန်ခဲ့။
- မိုးမောက်မြို့၊ စီဟတ်ရွာတိုက်ပွဲဖြစ်ပွားခဲ့ရာ ရွာထဲသို့ လက်နက်ကြီးများကျပြီး နေအိမ်များ ပျက်စီး ဆုံးရှုံးခဲ့ရ။
- အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်၊ မနာလာပန်၌ စစ်ဘေးရှောင်ပြည်သူများနှင့် CDM ဝန်ထမ်းများကို ထောက်ပံ့နိုင်ရန် နွေဦးတော်လှန်ရေးဈေးရောင်းပွဲတော်ပြုလုပ်ခဲ့ပြီး ရံပုံငွေ အမေရိကန်ဒေါ်လာတသိန်းကျော် ရရှိခဲ့ကြောင်းသိရ။
- ဂျပန်နိုင်ငံ၊ ဖိုးဂျောဂျီးဘုရားကျောင်း၌ ဂျပန်ဘုန်းတော်ကြီးများ နှင့် မြန်မာဘုန်းတော်ကြီးများက နွေဦးတော်လှန်ရေးအတွင်း ကျဆုံးသွားသော သူရဲကောင်းများအတွက် ဆုတောင်း မေတ္တာပို့သပွဲ ပြုလုပ်ခဲ့ကြ။
- ထိုင်းနိုင်ငံရှိ မြန်မာကျောင်းသားများကNUGကိုအပြည့်အဝထောက်ခံကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့။
- NUG ကို ထောက်ခံကြောင်း မန္တလေး-သံဃသမဂ္ဂ သပိတ်စစ်ကြောင်း ဆရာတော်သံဃာတော်များက မေတ္တာပို့၍ ပရိတ်ရွတ်ထောက်ခံခဲ့ကြ။
- ရန်ကုန်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၌ ရပ်ထားသည့် ကားတစ်စီးမီးလောင်ကျွမ်းခဲ့ပြီး အဆိုတော်ယုန်လေး၏ ကားဖြစ်ကြောင်း သိရ။
- ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့ရှိ ရုရှားသံရုံးရှေ့၌ ဂျာမနီနိုင်ငံရောက် မြန်မာပြည်ဖွားများနှင့် ဂျာမနီနိုင်ငံသား မိတ်ဆွေများက စုပေါင်း၍ စစ်အုပ်စုအား ဆန္ဒထုတ် ဖော်ခဲ့ကြ။
- ကရင်ပြည်နယ်ရှိ- နို့တကောမြို့နယ်။ ရှမ်းပြည်နယ်-တောင်ကြီးမြို့။ ရန်ကုန်-ကမာရွတ်။ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ပဲခူးတိုင်း၊ ပြည်မြို့။ ပေါင်မြို့တို့၌ လူမဲ့သပိတ်ပြုလုပ်ခဲ့ကြ။
- စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်၊ ကလေးဝလမ်းမကြီး အနီးရှိ ရွာများစုပေါင်း စစ်ကြောင်း။ ဖားကန့်-ဆိုင်းတောင်ကျေးရွာ တို့၌ ဆိုင်ကယ်သပိတ်ဖြင့် စစ်ကြောင်းချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြ။
- ရန်ကုန်-ဗဟန်း၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ အင်းစိန်၊ ကျောက်မြောင်း။ မန္တလေးစုပေါင်းသပိတ်စစ်ကြောင်း။ စစ်ကိုင်း-စစ်ကိုင်း၊ ကသာ၊ ရွှေဘို၊ ကနီမြို့နယ်ရှိ ဒဟတ်အိုင်ကျေးရွာ၊ ရေဦး။ မကွေး- ပေါက်မြို့နယ်ရှိ ညောင်းဝန်းတောင်စု ကျေးရွာ၊ ညောင်းဝန်းမြောက်စုကျေးရွာ၊ ဝတ်မြီးကျေးရွာ၊ ရွာသာအေးကျေးရွာ စုပေါင်းသပိတ်။ ပွင့်ဖြူမြို့နယ်ရှိ ခံစုရွာ။ မုံရွာ။ မိုးကုတ်။ ညောင်ဦး။ ဒီပဲယင်းမြို့နယ်၊ ကျေးရွာပေါင်းစုံသပိတ်။ ဖားကန့်မြို့နယ်ရှိ ဆိပ်မူအုပ်စု၊ ဝေခါကျေးရွာ။ ကလေးမြို့။ မိတ္ထီလာမြို့။ မုံရွာမြို့နယ် မရိုးတောကျေးရွာ။ မြင်းခြံ။ ထားဝယ်ခရိုင်-ရေဖြူမြို့နယ်ရှိ ကံပေါက်။ ကျောက်ပန်းတောင်းမြို့။ ပဲခူး-လက်ပံတန်းမြို့နယ်၊ သာရဝေါမြို့ စသဖြင့် မြို့အသီးသီး၌ အောင်သပြေခတ်များကိုင်ဆောင်၍ NUG အစိုးရသစ်အား ကြိုဆိုထောက်ခံကြောင်း လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – ခေတ်သစ်၊ဧရာဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၇)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၃၇ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၂၂၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၉၃၀ ဦး

ရင်းမြစ် – အေအေပီပီမှ



ဧပြီ (၁၈) ရက်၊ တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့သည့် ပိုက်ဆံသပိတ် လှုပ်ရှားမှုကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

ညှော်
စာရင်း
တိုင်
မယ်ဆို
**CDM**
တွေကို
အားနာပါ

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com
နွေဦးအသံ
the voice of spring
19.4.2021 · SMonday · No . 14 · Daily News Pamphlet